# Highlights from DVB Debate's Government Promises

## 7/3/2015

## "Which promises did the government kept?"

"အစိုးရကတိကဂတ်တွေထဲမှာ နိုင်ငံရေးအကျဉ်းသားကိစ္စလဲပါတယ်. အေအေပီပီစာရင်းတွေအရ လက်ရှိမှာ နိုင်ငံရေးအကျဉ်းသား ၁၈၀ လောက်ရှိတယ်၊ နိုင်ငံရေးပုဒ်မနဲ့တရားစွဲခံထားရတာက ၂၀၀ ကျော် လက်ရှိအကျဉ်းထောင်တွေမှာ ရှိနေသေးတယ် ဒါတွေကိုကြည့်ရင် အစိုးရရဲ့ ကတိကဂတ်ပျက်ကွက်မှုတခုပဲ"

နိုင်လယိတမ - မွန်အမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး

"နိုင်ငံရေးအကျဉ်းသားကျန်နေတာအမှန်ပဲ။ နစ်ဖက်အမိပ္ပာယ်ဖွင့်ဆိုမှုကညှိမရဖြစ်နေတယ်။ ကျနော်တို့ ကေအန်ယူက ရဲဘော်တွေ မြန်မာစာမဖတ်တတ်ဘူး ဒါကို လက်မှတ်အတင်းထိုးခိုင်းလို့ ထိုးလိုက်ရတယ် တရားရုံးရောက်မှ ဖောက်ခွဲရေးအမှုဖြစ်နေတယ်. ဒါနဲ့ပဲ သူတို့က နိုင်ငံရေးအကျဉ်းသားမဟုတ်တော့ပြန်ဘူး"

ပဒိုမန်းငြိမ်းမောင် -ကေအန်ယူအမျိုးသားအစည်းအရုံးဗဟိုအလုပ်အမှုဆောင်

---

"ကျနော်တို့တိုင်းပြည်ရဲ့ သမိုင်းကြောင်းကိုပြန်ကြည့်ရင် ပြည်တွင်းစစ်နွံတောထဲဖြတ်ခဲ့ရပါတယ် စစ်အာဏာရှင်စနစ်နဲ့ ဓားမိုးဖြတ်သန်းခဲ့ရတော့ အခုလက်ရှိအစိုးရအနေနဲ့ ပြဿနာတွေကို ဒီထက်တော့ ပိုမလုပ်နိုင် မဖြေရှင်းနိုင်ပါဘူး "

ပဒိုမန်းငြိမ်းမောင် - ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်

"ကျနော်ကတော့ ဒါကို သဘောမတူဘူး။ ဦးဆောင်တဲ့အစိုးရနဲ့ ပြည်သူကြားယုံကြည်မှုက အရေးကြီးတယ်။ ဘယ်အစိုးရပဲတက်တက် ဒီလောက်ပဲလုပ်တတ်တယ် ဒီထက်ပိုမလုပ်နိုင်ဘူးဆိုတာတော့ လက်မခံဘူး"

ဒေါက်တာအောင်နိုင်ဦး - မေးခွန်း၊ အဆို၊ ဥပဒေများအကောင်အထည်ဖော်မှုလေ့လာသုံးသပ်ရေးကော်မတီ ဥက္ကဋ္ဌ

---

"အစိုးရပေးထားတဲ့ ကတိတွေထဲက ကောင်းမွန်သောအစိုးရ သန့်ရှင်းသောအစိုးရဖြစ်အောင်လုပ်မယ်ဆိုတဲ့ ကတိကဂတ်တွေ မအောင်မြင်သေးပါဘူး။ အရင် ယန္တရားဟောင်းကိုပဲ အရင်လူဟောင်းတွေပဲ မောင်းနှင်နေတာဆိုတော့ ဘယ်လိုမှမအောင်မြင်ဘူး"

ပဒိုမန်းငြိမ်းမောင် - ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်

---

"အစိုးရမလုပ်ပေးနိုင်တဲ့ ကတိကဝတ်တွေအပြင် လုပ်ပေးခဲ့တဲ့ ကတိကဝတ်တွေလဲ ရှိပါတယ်။ ဒေါ်လာဈေးနှုန်းတွေ သတ်မှတ်ပေးလို့ မှောင်ခိုဈေးကွက်ပျောက်သွားခဲ့တယ်။ အခုဆို အောက်ခြေပြည်သူလူထုတွေအားလုံး ဖုန်းဆင်းကတ် ၂-၃ ခု ပေါပေါများများ သုံးစွဲလာနိုင်ပြီ"

ဦးဇော်ထွန်း - မော်လမြိုင်မြို့နယ်အထောက်အကူပြုရေးအဖွဲ့

---

"ကောင်းမွန်သောအစိုးရ သန့်ရှင်းသောအစိုးရကြွေးကြော်သံနဲ့ အစိုးရတက်လာတော့ ပြည်သူကမျှော်လင့်တယ် ၂ နှစ်လောက် မျှော်လင့်ခဲ့တယ်။ ၃-၄ နှစ်နောက်ပိုင်းမှာတော့ လူထု မျှော်လင့်ချက်ပြန်ကျသွားတယ်"

ဒေါက်တာ အောင်နိုင်ဦး - မေးခွန်း၊ အဆို၊ ဥပဒေများအကောင်အထည်ဖော်မှုလေ့လာသုံးသပ်ရေးကော်မတီ ဥက္ကဋ္ဌ

---

"ဆင်းရဲမွဲတေမှုလျှော့ချရေးလုပ်မယ်ဆိုရင် ကျနော်တို့ မွန်ဒေသမှာ တပြည်နယ်လုံး ချဲ့ဒိုင်၊ ဘီယာဆိုင်တွေအများကြီးဖြစ်နေပါတယ် ဆိုတာ တင်ပြချင်တယ်။ နောက် နိုင်ငံတကာကနေ ချေးငွေတွေအများကြီး ချေးနေတယ်။ ချေးငွေတွေကို ဘယ်လိုစီမံပြီး ဆင်းရဲမွဲတေမှုလျှော့ချမှာလဲဆိုတာ မေးချင်ပါတယ်"

ဇော်မင်းဦး - မြန်မာပြည်တောင်ပိုင်းဂျာနယ်လစ်ကွန်ရက်

---